# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Imran Haider သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

### ရင်းရင်းနှီးနှီးဆွေးနွေး

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍများ အပါအဝင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အထည်အလိပ် လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊


စာမျက်နှာ ၃ ကော်လံ ၁ ❒




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Imran Haider က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။


ယနေ့ ဖတ်စရာ

ဆီဆိုင်မြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးလုပ်ငန်းများ ဆောင်ရွက် — ပြည်တွင်းသတင်း | စာ ၆

(၁၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆင်ဒမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲ ရောင်းချနိုင်ခဲ့ — ပြည်တွင်းသတင်း | စာ ၇

ဂျပန်နိုင်ငံ၌ ၂၀၄၀ ပြည့်နှစ်တွင် မှတ်ဉာဏ်ချို့ယွင်းသည့် သက်ကြီးရွယ်အိုအရေအတွက် ၅ ဒသမ ၈၄ သန်း ကျော်လွန်ဖွယ်ရှိဟု ကျန်းမာရေးဝန်ကြီးဌာနက ခန့်မှန်း — နိုင်ငံတကာသတင်း | စာ ၁၃







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Imran Haider အား လက်ခံတွေ့ဆုံစဉ်။

❐ ရှေ့ဖုံးမှ

အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Imran Haider ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မေ  ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး မစ္စတာ အင်မရန် ဟိုက်ဒါအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း အပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ၊ ပထမဆုရ **“ခွဲ”**ရေးသားသည့် **“ပင်လယ်ပျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများမှ ကောက်နုတ်သော ဝတ္ထုတိုသုံးပုဒ်”** စာအုပ်ကို ၂၀၂၄ ခုနှစ် မေလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော်  မေ  ၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် မေ ၈**

၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(ဘီ)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါက်တာ မှုထန်၊ ဒေါက်တာဘရွှေနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တွဲဖက်စစ်ရေးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်အမှုဆောင်များ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရာစုနှစ်တစ်ခုကျော် တည်ရှိခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ၁၈၅၉ ခုနှစ် ဆိုဖာရီနိုစစ်မြေပြင်က အစပြု၍ လူသားများ၏ လူမှုကရုဏာ လိုအပ်ချက်များကို ဆောင်ရွက်ပေးနေခဲ့သည့် ကြက်ခြေနီတည်ရှိမှုသက်တမ်းသည် ရာစုနှစ်တစ်ခုကျော် တည်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆိုလျှင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် နိုင်ငံအစိုးရများက ဖွဲ့စည်းထားသည့် အမျိုးသားကြက်ခြေနီ/ လခြမ်းနီ အသင်းပေါင်း ၁၉၁ သင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် အကူအညီလိုအပ်သူများကို လူမှုကရုဏာအကူအညီများ ပေးနိုင်နေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ကြက်ခြေနီအခြေခံမူများနှင့်အညီ ကူညီဆောင်ရွက်ပေးနေသည်ကို သိရှိရသည့်အတွက် ဂုဏ်ယူပါကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များကိုယ်စား မကွေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီး တပ်ဖွဲ့မှူး ဦးကျော်မြင့်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**အများအကျိုးကို ဆောင်ရွက်**

နိုင်ငံတော်က လက်မှတ်ရေးထိုးထားသည့် ဂျီနီဗာသဘောတူညီချက်များ (Geneva Conventions) နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ/ လခြမ်းနီ လှုပ်ရှားမှုများ၏ ဥပဒေသများအရ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို နိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားပြီး ဖြစ်သည့်အတွက် ကြက်ခြေနီအခြေခံမူများ၊ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆက်လက် လုပ်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ကူညီသူအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် အများအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် မြန်မာဘာသာဖြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် အင်္ဂလိပ်ဘာသာဖြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသပြီး မွန်ပြည်နယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ ဘင်ခရာအဖွဲ့နှင့်အတူ ကြက်ခြေနီတပ်ဖွဲ့ဝင်များက "အများအတွက်ကြက်ခြေနီ" သီချင်းနှင့် လူငယ်ကြက်ခြေနီမောင်မယ်များက "လူငယ်ကြက်ခြေနီ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့တွင် အသက် ၆၅ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ကိုယ်စား မကွေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီး တပ်ဖွဲ့မှူး ဦးကျော်မြင့်ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် မြန်မာဘာသာဖြင့် ပထမဆုရရှိသည့် မောင်ဖြိုးဝေဝင်းကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရွှေရည်ထွန်းလတ်ကိုယ်စား တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ တတိယဆုရရှိသည့် မအေးမြမူကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ နှင့် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အင်္ဂလိပ်ဘာသာဖြင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် ကဗျာပြိုင်ပွဲတွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး




ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြခန်းများ၊ ကြက်ခြေနီပစ္စည်းအရောင်းကောင်တာ၊ ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ခြင်းဆိုင်ရာ ပစ္စည်းများပြခန်းနှင့် ရှေးဦးပြုစုခြင်းဆိုင်ရာ ပစ္စည်းပြခန်းတို့ကို လိုက်လံကြည့်ရှုကြသည်။**(အပေါ်ပုံ)**

ကမ္ဘာ့ကြက်ခြေနီနေ့များကို ၁၉၄၈ ခုနှစ်မှစတင်ကာ နှစ်စဉ် မေ ၈ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနား ဆောင်ပုဒ်သည် "လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး" ( Keeping Humanity Alive) ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**နေပြည်တော် မေ ၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးများ၊ CPU အဖွဲ့ဝင်များနှင့် ဥပဒေအရာရှိများ တက်ရောက်ကြသည်။





**မျှတစွာဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ကျောသားရင်သား မခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် တားဆီးကာကွယ်ရေးကဏ္ဍအနေဖြင့် အသိပညာပေးရေး လုပ်ငန်းများကို ကဏ္ဍစုံ၊ ထောင့်စုံမှ ကျယ်ပြန့်စွာ ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်အသိအမြင်များ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်း ပပျောက်ရေးအတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ထိရောက်စွာဆောင်ရွက်**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခြင်းကြောင့်နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆောင်ရွက်နေကြောင်း၊ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် CPU များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည့် နည်းပညာဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်းကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အသိပညာပေးသည့် အပေါ် ဝန်ထမ်းများအနေဖြင့် ဗဟုသုတရရှိကာ ရှောင်ရန်၊ ဆောင်ရန် အချက်များရရှိပြီး ထပ်ဆင့်မျှဝေနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပိုင်ဆိုင်မှုကြေညာလွှာစိစစ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတကာရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ခင်ဖြူပွင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း ခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**တောင်ကြီး မေ ၈**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ဆီဆိုင်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ် မိမိကတာဝန်ယူ၍ အထက်အဖွဲ့အစည်းသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟိုပုံးမြို့နယ် ကျေးရွာအချို့ ပျက်စီးမှုများရှိခဲ့ပြီး အတိုင်းအတာတစ်ခုအထိ အစိုးရအဖွဲ့၊ သက်ဆိုင်ရာဒေသရှိ ဆရာတော်များ၊ ဒေသခံပြည်သူများ၏ မြန်မြန်ဆန်ဆန် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ တိုက်ပွဲများဖြစ်ပွားပြီးနောက် စိတ်ဓာတ်ပိုင်းဆိုင်ရာ သိမ်ငယ်ညှိုးငယ်မှုမဖြစ်ရအောင် အချို့ကဏ္ဍများတွင် ပြည်သူများ၏ လိုအပ်ချက်များကို ဦးစားပေးဝိုင်းဝန်း၍ ဆောင်ရွက်ပေးကြရန်နှင့် ပန်လျန်းရွာနှင့် နန်းဟူးရွာတွင် လျှပ်စစ်မီတာများ လိုအပ်ချက်ကို သက်ဆိုင်ရာဌာနများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

**ပြန်လည်ဖြည့်ဆည်းဆောင်ရွက်**

လမ်းညွှန်မှာကြားချက်အရ ဆီဆိုင်မြို့တွင် ရုံးများ ပြန်လည်ဖွင့်နိုင်ရန်နှင့် စီမံအုပ်ချုပ်နိုင်သည့်အဆင့်ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များတွင်လည်း တပ်ဖွဲ့ဝင်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ တာဝန်အလိုက် ဝန်ဆောင်မှုပိုင်းဆိုင်ရာ ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေးစသဖြင့် အတတ်နိုင်ဆုံးအမြန်ဆုံး ဖြစ်နိုင်အောင် ကြိုးစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆီဆိုင်မြို့ကို အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ခြင်းဖြင့် ကျန်သည့်နယ်မြေဒေသများကလည်း နမူနာယူဆောင်ရွက်ရမည့် အနေအထားတစ်ခုဖြစ်အောင် ကြိုးစားရမည်ဖြစ်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အဖွဲ့အစည်းများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် သက်ဆိုင်ရာပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အထွေထွေဆွေးနွေးကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပဲခူး မေ ၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၈ ရက် နံနက်က ပဲခူးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီတို့အား သတ်မှတ်ပြိုင်ပွဲဝင် ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာ အခြေခံပညာကျောင်းများ၌ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် မီးသတ် တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ကြက်ဥ၊ အချိုရည်၊ အားဆေး၊ ဓာတ်ဆားထုပ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ဆေးရုံတက် လူနာစောင့်များနှင့် သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး လူနာစောင့်များအတွက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် နေ့လယ်စာထမင်းဘူးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးလုပ်ငန်းများဆောင်ရွက်

**ဆီဆိုင် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဆီဆိုင်မြို့နယ်အတွင်း နယ်မြေဒေသ လုံခြုံရေးအခြေအနေပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပြည်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဆီဆိုင်မြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၀ ခန်း ကြိုးဆက်ခြင်းလုပ်ငန်းများ၊ ၁၁ လိုင်း ကြိုးဆက်ခြင်းလုပ်ငန်းများ၊ ၁၀ မီတာ နှစ်တိုင်ထောင်ခြင်းလုပ်ငန်းများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း တစ်မိုင်၊ ၁၁ ကေဗွီလိုင်း တစ်မိုင်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။ ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**နေမင်း(ဆီဆိုင်)**







# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းနိုင်




**နေပြည်တော်  မေ  ၈**

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ် တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

ယခုအခါ ပြည်သူများ စာပေဖတ်ရှုလေ့လာစေရေးနှင့် စာအုပ်စာစောင်များကို လက်လှမ်းတမီ ထားရှိပေးနိုင်ရေး အတွက် စာကြည့်တိုက်အဆောက်အအုံ လိုအပ်နေသောနေရာများတွင် ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ရာ "ပညာဒါန" အလှူအဖြစ် လှူဒါန်းလိုပါက ဖော်ပြပါ စာကြည့်တိုက်အဆောက်အအုံတစ်ခုလျှင် ကျပ်သိန်း (၁၅၀)ဖြင့် ဆောက်လုပ်လှူဒါန်းနိုင်ပါကြောင်းနှင့် ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- ❖ ညွှန်ကြားရေးမှူး(ထုတ်လုပ်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ / ၀၉၄၂၀၀၄၆၇၁၅
- ❖ ညွှန်ကြားရေးမှူး(ပြန်ဆက်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၁၂၀၆၄
- ❖ တိုင်းဒေသကြီး/ ပြည်နယ်၊
  ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**

# မကွေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ် အမ်းမြို့သို့ ကုန်စည်များ အောင်မြင်စွာပို့ဆောင်ပေးခဲ့သည့် ကုန်တင်ယာဉ်မောင်းများအား ကြိုဆိုဂုဏ်ပြု

**မင်းဘူး  မေ  ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မကွေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ် အမ်းမြို့သို့ ကုန်စည်ပို့ဆောင်ပေးခဲ့သည့် ကုန်တင်ယာဉ်များ အောင်မြင်စွာ ပြန်လည်ရောက်ရှိ၍ မော်တော်ယာဉ်နှင့် ယာဉ်မောင်းများအား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၇ ရက်က မင်းဘူးခရိုင် မင်းဘူးမြို့ရှိ နမ္မဒါဘိုးဘွားရိပ်သာ၌ ကျင်းပသည်။(ယာပုံ)



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် တာဝန်ရှိသူများက ကုန်တင်ယာဉ်များအား သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးက ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် လူသားချင်းစာနာထောက်ထား၍ မိသားစုစိတ်ဓာတ်ဖြင့် ကိုယ်ကျိုးစီးပွားကို မထည့်တွက်ဘဲ ကုန်စည်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး သွားရောက်ပို့ဆောင်ပေးခဲ့ကြသည့် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်ပိုင်ရှင်များအားနိုင်ငံတော်ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် အသိအမှတ်ပြု၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဂုဏ်ပြုရခြင်းဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး စားသုံးရေးရာဦးစီး ဌာနက ကုန်တင်ခ (ယာဉ်သယ်ယူစရိတ်)များကို ပေးအပ်သည်။

အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေရိက္ခာပြတ်လပ်မှုမရှိစေရေးနှင့် စားသောက်ရေးအခက်အခဲ မဖြစ်ပေါ်စေရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်းမှ ကုန်စည်ပို့ဆောင်ရေး အရပ်ဘက်မော်တော်ယာဉ် ၂၅ စီးဖြင့် အခြေခံစားသောက်ကုန်များကို မင်းဘူး- ပဒါန်း-အမ်းကားလမ်းအတိုင်း ဧပြီ ၃၀ ရက်က သွားရောက်ပို့ဆောင်ပေးခဲ့ရာ မေ ၂ ရက်တွင် အမ်းမြို့နယ်သို့ အချိန်မီရောက်ရှိခဲ့သည်။ ထို့နောက် ယာဉ်များပေါ်တွင်ပါရှိသည့် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီးခြောက် စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အမ်းမြို့နယ်ရှိ ဒေသခံပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံများက ဝယ်ယူအားပေးခဲ့သည်။

အဆိုပါ ကုန်စည်ပို့ဆောင်ပေးသည့် ကုန်တင်မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းကာ အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးနိုင်ရေးနှင့် ပြန်လည်ရောက်ရှိနိုင်ရေးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်၍ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မေ ၇ ရက်ညပိုင်းတွင် မင်းဘူးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင် (မင်းဘူး)**

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော်  မေ  ၈**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။



နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။ (ဝဲပုံ)

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၉၅၁)မှ ၁၉၀၀ အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲရောင်းချခဲ့ရကြောင်း ကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ် (၁၉၀၁) မှ (၂၇၅၀) အထိ တင်သွင်းထားသောဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲသတ္တမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲ၊ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲနှင့် ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စက္ကူစက်ရုံ(ရေနီ)ရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုအသုံးပြု၍ ကောက်ရိုးမှပျော့ဖတ်ထုတ်လုပ်သည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်



**နေပြည်တော် မေ ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ (ရေနီ) သို့ ရောက်ရှိပြီး တောင်သူများအနေဖြင့် စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းဖြစ်သည့် ကောက်ရိုးမှ တစ်ပိုင်တစ်နိုင် ပျော့ဖတ်များ ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်ခွဲခန်းသုံးပျော့ဖတ်ချက်အိုးငယ်ဖြင့် ကောက်ရိုးပျော့ဖတ်များ စမ်းသက်ချက်လုပ်နေမှု၊ အသေးစားစက္ကူစက် စစ်ဆေးပြုပြင်နေမှု၊ ပျော့ဖတ်ကြိတ်စက်၊ ကောက်ရိုးမှ ပျော့ဖတ်ချက်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခဲ့မှု၊ ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စပါးစိုက်ပျိုးသည့် တောင်သူများ ဝင်ငွေတိုးတက်စေရေး၊ ဒေသခံများ အလုပ်အကိုင် ရရှိစေရေးတို့အတွက် ကောက်ရိုးမှ ပျော့ဖတ်များ ထုတ်လုပ်ရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် စက္ကူစက်ရုံ (ရေနီ) ရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို အသုံးပြု၍ ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်သည့်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက္ကူစက်ရုံ (ရေနီ)တွင် ယခင်က စက္ကူထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိ ဝန်ထမ်းများရှိပြီးဖြစ်၍ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို ကောင်းစွာအသုံးချရမည်ဖြစ်ကြောင်း၊ ယခုစမ်းသပ်ဆောင်ရွက်နေသည့် ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက တောင်သူများ၊ MSME လုပ်ငန်းရှင်များအတွက် ပျော့ဖတ်ထုတ်လုပ်သည့်စက်များ ထုတ်လုပ်ပေးနိုင်ရေးအတွက် စက်ပစ္စည်းများ၏ ဒီဇိုင်းပုံစံများကို ကြိုတင်ရေးဆွဲထားရမည်ဖြစ်ကြောင်း။

ထို့ပြင် ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်သည့် နည်းပညာများ လွှဲပြောင်းပေးရေးကိုလည်း စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကောက်ရိုးမှ ထုတ်လုပ်သည့် ပျော့ဖတ်များဖြင့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ တောင်သူများ၊ MSME လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိ၍ ဝင်ငွေများ တိုးတက်ရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက အပြည့်အဝဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ကောက်ရိုးမှ ထုတ်လုပ်ထားရှိသည့် ပျော့ဖတ်များဖြင့် စက္ကူများ စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် အသေးစားစက္ကူထုတ်စက်ဖြင့် အမြန်ဆုံးထုတ်လုပ်ပြသရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ တိုးလ်ဂိတ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး(နေပြည်တော် - ရန်ကုန်လမ်းပိုင်း) ပေါ်ရှိ တောင်ငူတိုးလ်ဂိတ်၊ ဖြူးတိုးလ်ဂိတ်၊ ဒရယ်မီး တိုးလ်ဂိတ်၊ ဘောနက်ကြီးတိုးလ်ဂိတ်၊ အမှတ် (၃) တိုးလ်ဂိတ်တို့မှ လမ်းအသုံးပြုခကောက်ခံနေသည့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ဂိတ်တာဝန်ခံများက တိုးလ်ဂိတ်များတွင် ရေ၊ မီးရရှိမှု ၊ CCTV တပ်ဆင်အသုံးပြုမှု၊ Computer စနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံဆောင်ရွက်နေမှု၊ လမ်းအသုံးပြုခ ကောက်ခံရရှိမှုများကို စာရင်းဇယားများနှင့်တကွ ရှင်းလင်းတင်ပြသည်။

**ကြပ်မတ်ဆောင်ရွက်**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက တိုးလ်ဂိတ်များ၌ လမ်းအသုံးပြုခ ကောက်ခံရာတွင် ယာဉ်စာရင်းအရေအတွက်နှင့် ကောက်ခံရရှိငွေ မှန်ကန်စွာ စာရင်းရေးသွင်းရေး၊ ကောက်ခံရရှိငွေများ လေလွင့်ပျောက်ဆုံးမှုမရှိစေရေး၊ တိုးလ်ဂိတ်အားလုံး CCTV Computer စနစ်ဖြင့် ဆောင်ရွက်စေပြီး လျှပ်စစ်မီးမပြတ်တောက်စေရေး၊ ကောက်ခံ



ရရှိငွေစာရင်းဇယားများ ပြုလုပ်ရာတွင် ရုံးချုပ်မှ သတ်မှတ်ထားသည့် ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရေး၊ တိုးလ်ဂိတ်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ပြီး ဥပမိရပ် ကောင်းမွန်စေရေးတို့ကို တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေါမြို့နယ်၌ နွေစပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ဝေါ မေ ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက ဦးဆောင်၍ နွေစပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျိုက်လှကျေးရွာအုပ်စု သုံးသီးစိုက်ဧရိယာအတွင်းရှိ ကွင်းအမှတ် ၆၈၇(ခ)၊ ဦးပိုင်အမှတ်(၃/၆)၊ တောင်သူ ဦးအားလူး၏ နွေစပါးစိုက်ခင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ နွေစပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ အနီးပတ်ဝန်းကျင် ကျေးရွာများမှ စပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုပြီး နွေစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းရာတွင် ဆင်းသုခမျိုး တစ်ဧကလျှင် စပါးအစိုတင်း ၁၅၀ ထွက်ရှိသည်။

ထို့နောက် တက်ရောက်လာသည့် စပါးစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးလွင်က နှစ်သီးစိုက်မှ သုံးသီးစိုက် စိုက်ပျိုးနည်းများကို အသိပညာပေးဆွေးနွေးကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်ရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**နေပြည်တော် မေ ၈**

ပဲခူးတိုင်းဒေသကြီး နယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ညောင်လေးပင်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၁ ခုမှ ပြည်သူ ၃၆၉ ဦး၊ ကျောက်တံခါးမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၄ ခုမှ ပြည်သူ ၃၆၂ ဦး စုစုပေါင်း ၇၃၁ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေး လေ့လာကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။



စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့် အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့်အကြံပြုချက်များပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၈

**စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။**

ဦးစွာ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက ယနေ့အချိန်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့်သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ယိုယွင်းပျက်စီးမှုများ၊ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကြောင့် ရေ၊ လေ၊ မြေ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဆိုးကျိုးဖြစ်စဉ်သာဓကများသည် အသက်ရှင်ရပ်တည်မှုနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ခြိမ်းခြောက်နေသည့် အဓိကရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စရပ်များ ဖြစ်ပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲကြရန်၊ စက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ရေနှင့် ထုတ်လွှတ်အခိုးအငွေ့များကြောင့် လူသားများ၏ ကျန်းမာရေးထိခိုက်မှု မရှိစေရန် သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စောင့်ကြည့်စစ်ဆေးကြပ်မတ်ရန် လိုအပ်နေပါကြောင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ အတည်ပြုထုတ်ပြန်ပြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်ပင်မလုပ်ငန်း အစီအစဉ်(၂၀၁၈-၂၀၃၀)ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

စွန့်ပစ်ပစ္စည်းများကို အနီးပတ်ဝန်းကျင်ရှိ မြစ်ချောင်းအင်းအိုင်များ၊ ပင်လယ်သမုဒ္ဒရာများထဲသို့ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်စေပြီး အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရေးသည် အရေးကြီး တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်အတွက် ရှေ့ဆက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် လုပ်ငန်း ကော်မတီဝင်များက လုပ်ငန်းကော်မတီ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်တိုးတက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်သည့် သက်ဆိုင်ရာဌာန / အဖွဲ့အစည်းများမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများသို့ သွားရောက်အားပေးကြည့်ရှု

**နေပြည်တော် မေ ၈**

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် "ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၏ ကဏ္ဍတစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း" သင်ကြားခြင်းကို သက်ဆိုင်ရာ မြို့နယ်များတွင် ဧပြီ ၆ ရက်မှ မေ ၁၅ ရက်အထိ တစ်ရက် ပျမ်းမျှသုံးနာရီ၊ နာရီအားဖြင့် ၁၂၀၊ ရက် ၄၀ ကြာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



နေပြည်တော် ပြည်ထောင်စုနယ်မြေ စာတတ်မြောက်ရေးလုပ်ငန်း၏ သင်ကြားနေမှုများကို ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းသည် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာ အလက(ခွဲ) တွင် ဖွင့်လှစ်သင်ကြားနေသည့် စာသင်ဝိုင်းသို့ လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ အထက (တောင်ညို)တွင် ဖွင့်လှစ်သင်ကြားနေသည့်စာသင်ဝိုင်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များက ရပ်ရွာအတွင်းရှိ စာရင်းကောက်ယူရရှိထားသူ ဦးတည်အုပ်စုနှင့် ကိုက်ညီသည့် စာသင်သားများကို အခြေခံမြန်မာစာ၊ အခြေခံ သင်္ချာဘာသာရပ်များ သင်ကြားနေမှုများနှင့် လူမှုဘဝမြင့်မားရေးဆိုင်ရာ အသိပညာပေးခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှု၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ မြို့နယ်ပညာရေးမှူးများ၊ စာသင်ဝိုင်းတာဝန်ခံ ကျောင်းအုပ်ကြီးနှင့် ရပ်မိရပ်ဖများအား သင်ကြားရေးကာလ အဆင်ပြေချောမွေ့ရေးနှင့် ပြီးဆုံးပါက ဆက်လက်လေ့လာရန်များကို ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

"လက်ရှိအနေအထားအရ အမှတ် (၂) တံတားက ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးဇုန်ထဲက ထိုင်းဘက်မှ ကုန်စည်တွေ မြန်မာပြည်ထဲဝင်သလို မြန်မာပြည်ထဲမှ ကုန်စည်တွေလည်း ထိုင်းဘက်ဆီဝင်နေတဲ့ အနေအထားတွေ့ရတယ်။ ကုန်စည်စီးဆင်းမှုအနေနဲ့ အခုလက်ရှိမှာ ပုံမှန်အနေအထားကို ပြန်ရောက်နေပြီလို့တော့ ပြောလို့ရပါတယ်။ လက်ရှိမှာ မြဝတီမြို့ပေါ် အနေအထားကတော့ အရင်အတိုင်းပဲ တည်တည်ငြိမ်ငြိမ်နဲ့ ပုံမှန်အနေအထားပြန်ဖြစ်နေပြီ" ဟု အလင်းသစ်လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူက ပြောကြားသည်။

မြဝတီဒေသခံတစ်ဦးကလည်း တံတားများ ပြန်လည်ဖွင့်လှစ်ပြီးနောက် မြဝတီမြို့၌ ပုံမှန်ကုန်သွယ်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

"လက်ရှိကုန်သွယ်မှုအနေနဲ့ကတော့ တံတားဖွင့်ပြီးတော့ အခုက ပုံမှန်ပြန်ဖြစ်နေကြပါပြီ။ ပြည်မကိုသွားနေတာလည်း လမ်းကြောင်းအနေနဲ့ကလည်း အာရှလမ်းမကြီးပိတ်ထားတော့ ဒီလိုပုံစံမျိုး တခြားလမ်းက သွားနေတာက ငါးလလောက်တော့ရှိနေပြီဆိုတော့ ပုံမှန်တော့ဖြစ်သွားပါပြီ"ဟု ၎င်းကဆိုသည်။

လက်ရှိကုန်သွယ်ရာတွင် အဆင်ပြေသည့် လမ်းကြောင်းကိုသာ အသုံးပြုနေသည့်အတွက် ကုန်စည်ကြန့်ကြာခြင်းနှင့် သယ်ယူစရိတ်များပြားခြင်းတို့ရှိနေသော်လည်း မကြာမီတွင် အဆင်ပြေသွားမည်ဟု မျှော်လင့်နေကြကြောင်းလည်း အထက်ပါ လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူက ဆိုသည်။

**MT**

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၈**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် Wilamar (Wilamar International port Terminal) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၆၀၀၀၊ Yangon International Gateway Terminal (YIGT) ဆိပ်ကမ်းမှ ပဲတန်ချိန် ၉၄၀၀ တင်ပို့ခဲ့သည်။

ထို့ပြင် အေးရှားဝေါဆိပ်ကမ်း (AWPT-3) မှ ကုန်သေတ္တာသင်္ဘောတစ်စင်း ရေထွက်ကုန်၊ ဆန်၊ ပဲ၊ ချုပ်ပြီးအထည်၊ သစ်တောထွက်၊ သကြား၊ နှမ်း၊ အထွေထွေကုန်ပစ္စည်းများ၊ ပြောင်း၊ ရော်ဘာတို့ တင်ဆောင်ထွက်ခွာသွားသည်။ အလားတူ မြန်မာ့စက်မှုဆိပ်ကမ်း (MIP-4)၊ အေးရှားဝေါဆိပ်ကမ်း (AWPT-3)မှ သင်္ဘောသုံးစင်းပေါ်သို့ ပို့ကုန်ရေထွက်ပစ္စည်း၊ ဆန်၊ ပဲများ တင်ဆောင်လျက်ရှိသည်။



ဆက်လက်၍ မေ ၁၀ ရက်တွင် ဆူးလေဆိပ်ကမ်း (SPW) မှ ပြောင်းဖူးစေ့ တန်ချိန် ၇၁၉၀၀ နှင့် ဆန်တန်ချိန် ၆၀၀၀၊ သီလဝါ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (MITT-5) မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP-2)မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(AIPT)မှ ပြောင်းဖူးစေ့ တန်ချိန် ၅၅၆၀၀၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal- TMT)မှ ပြောင်းဖူးစေ့ တန်ချိန် ၂၉၅၀၀၊ မင်းထက်မင်းဆိပ်ကမ်း(MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀ ၊ Wilamar (Wilamar International port Terminal)ဆိပ်ကမ်းမှ ဆန်တန်ချိန် ၄၈၅၀၊ ရွှေမဲဆိပ်ကမ်း (SMJ) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တို့ကို ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၈**

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ်၊ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေရှိ နေပြည်တော်စခန်း တန်းခွဲ(၁)၊ နေပြည်တော်စခန်း တန်းခွဲ(၂)၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်း၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိရေကြောင်းလူငယ်စခန်းတို့တွင် လှေလှော်ရွက်တိုက်ဘာသာရပ်ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ ရေယာဉ်ပေါ်လက်တွေ့လေ့လာရေးအားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် ကျွန်းစုမြို့ရှိရေကြောင်းလူငယ်စခန်းတို့တွင် အခြေခံရေတပ်သားဘာသာရပ်ကိုလည်းကောင်း တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



အလားတူ တပ်မတော်(လေ)က ၂၀၂၄ ခုနှစ် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်း ပညာသမိုင်းဘာသာရပ်၊



လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်း ဘာသာရပ်နှင့် RC/ Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များအပြင် တပ်မတော်(လေ) ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန် ပျံသန်းရေးအုပ်များနှင့် ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် လေကြောင်းလူငယ်စခန်းတို့၌ လေ့ကျင့်သင်ကြားနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့တွင် နေရပ်စွန့်ခွာဒေသခံပြည်သူများ၏ နေအိမ်များမှ တန်ဖိုးကြီးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ယူဆောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ နေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ နေအိမ်များမှ တန်ဖိုးကြီးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အကြမ်းဖက်သမား များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ကျေးရွာများအတွင်း အဆောက်အဦများစွာ ပျက်စီးခဲ့ခြင်းနှင့် ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်း လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်းနှင့်




လူမှုကွန်ရက်တွင် ဖြန့်ဝေနေသည့် သတင်းများမှာ သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အဆိုပါဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့) နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဌာနဆိုင်ရာ အဆောက်အဦများ၊ ရဲစခန်းများအား မတ် ၂၄ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လာသည့်အတွက် ကျေးရွာများအတွင်း နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်စွာဖြင့် နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်ခဲ့ကြကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ ပြန်လည်နေထိုင်နိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ဖြင့် ဆောင်ရွက်ခဲ့ရာ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို ဧပြီ ၂၅ ရက်တွင် ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက် မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၇ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “R Kar Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၆၇)ရပ်ကွက်နေ အောင်ဇင်ထွေး (ခ) အာကာအောင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁– ၂၀၃၂၀၉၁၊ ၀၇၁– ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉– ၂၀၂၄၀၃၇၊ ၀၅၉– ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂– ၂၂၀၁၉၃၉၊ ၀၅၂– ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃– ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂– ၄၀၂၁၂၄၅၊ ၀၂– ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉– ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ – ၂၀၂၇၉၃၅၊ ၀၅၇– ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉– ၂၅၅၀၀၂၅၁၇၊ ၀၉– ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁– ၈၃၀၀၀၁၆၊ ၀၁– ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁– ၂၁၂၄၅၄၀၊ ၀၈၁– ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂– ၂၀၂၅၉၉၃၊ ၀၄၂– ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉–၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းဗဟိုအဖွဲ့**

## MNL Cup ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက် ဂိုးပြတ်နိုင်ပွဲယူပြီး Glory Goal အသင်း နိုင်ပွဲပြန်ရရှိ

**ရန်ကုန် မေ ၈**

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ် (၈) ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ ရခိုင်ယူနိုက်တက်နှင့် Glory Goal အသင်း နိုင်ပွဲရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့် ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ **(ယာပုံ)** ရခိုင် ယူနိုက်တက်အသင်းသည် ကချင် ယူနိုက်တက်အသင်းကို ပထမအကျော့ ရှုံးကြွေးပြန်ဆပ်ပြီး ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ယခုပွဲ အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက် ရှမ်းယူနိုက်တက်ကို ရမှတ်တူဖြင့် ဖိအားပေးလျက်ရှိသည်။



ရခိုင်ယူနိုက်တက် အသင်း ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသား ကစားသမားတစ်ဦးသာ ပါဝင်ခဲ့ပြီး ပြည်တွင်းအမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ကာ အသစ်ခေါ်ယူထားသည့် စည်သူအောင်လည်း ဒုတိယပိုင်းတွင် လူစားဝင်ကစားခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် တစ်ပွဲထက်တစ်ပွဲ ပိုကောင်းသည့် စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သလို ဝါရင့်တိုက်စစ်မှူး ကျော်ကိုကိုလည်း ဂိုးများဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် ကျော်ကိုကိုက ရခိုင်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးမှာပင် လေးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် နောက်ထပ် အနိုင်ဂိုးများကို ၁၄ မိနစ်တွင် ကြည်လင်း၊ မိနစ် ၄၀ တွင် ကောင်းစည်သူ၊ ၄၅+၃ မိနစ်တွင် ကျော်ကိုကိုနှင့် ၈၇ မိနစ်တွင် မိုကာလူးတို့က သွင်းယူခဲ့သည်။ ကချင်ယူနိုက်တက်အသင်းမှာမူ ဂိုးပြတ်ရှုံးပွဲကြောင့် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးနည်းသွားခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် Glory Goal အသင်းက Rainbow အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Glory Goal အသင်းသည် နှစ်ကျော့စလုံး အနိုင်ရခဲ့ခြင်းဖြစ်ပြီး မိနစ် ၂၀ တွင် ရဝေကျော်၊ မိနစ် ၄၀ တွင် နိုင်လင်းဖြိုးတို့က ဂိုးများသွင်းယူခဲ့သည်။ Rainbow အသင်းအတွက် ချေပဂိုးကို ၇၃ မိနစ်တွင် ဟိန်းသက်ဇော်ဝင်းက သွင်းယူခဲ့သည်။ အုပ်စု (ခ) တွင် ရှမ်းယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်အသင်းက ခြောက်ပွဲ ကစား ၁၅ မှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၂ မှတ်၊ Glory Goal အသင်းက ခုနစ်ပွဲကစား ခြောက်မှတ်ရရှိထားပြီး Rainbow အသင်းမှာမူ ခုနစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

မေ ၉ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ သစ္စာအားမာန်အသင်း နှင့် ရက္ခပူရ ယူနိုက်တက်အသင်း ပဒုမ္မာကွင်း၌ ဧရာဝတီအသင်းနှင့် ဒဂုံစတား ယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ Dagon Port အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် မေ ၈** – ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ၈၉ ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် ဓမ္မရတနာလမ်းထောင့်ရှိ ဆွမ်းလောင်းဓမ္မာရုံ၌ မေ ၇ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမကြီး ဒေါ်ကျော့အေး ဦးဆောင်သော အဖွဲ့ဝင်များသည် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစမှ တစ်နှစ်ခွဲအထိ လစဉ်ပုံမှန် ဆုံစို့၊ မေးခိုင်အပါအဝင် ကာကွယ်ဆေးရောဂါ လက္ခဏာ ၁၂ မျိုးကို ထိုးနှံပေးလျက်ရှိသည်။ အလားတူ ယင်းနေ့တစ်ရက်တည်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမကြီးနှင့်ဝန်ထမ်းများက အဖွဲ့များခွဲပြီး ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကာ လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၈-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | အောင်လံ | ၄၂.၂ | ၁၀၈.၀ |
| ၂။ | ပြည် | ၄၂.၀ | ၁၀၇.၆ |
| ၃။ | တောင်တွင်းကြီး | ၄၁.၅ | ၁၀၆.၇ |
| ၄။ | ချောက် | ၄၁.၄ | ၁၀၆.၅ |
| ၅။ | မြဝတီ | ၄၁.၄ | ၁၀၆.၅ |
| ၆။ | လေးထပ်ပြင် | ၄၁.၃ | ၁၀၆.၃ |
| ၇။ | သာယာဝတီ | ၄၁.၂ | ၁၀၆.၂ |
| ၈။ | ဟင်္သာတ | ၄၁.၂ | ၁၀၆.၂ |
| ၉။ | ညောင်လေးပင် | ၄၁.၀ | ၁၀၅.၈ |
| ၁၀။ | ခရမ်း | ၄၀.၉ | ၁၀၅.၆ |

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်ကို အား/ကာသိပ္ပံအသင်း အနိုင်ယူ

**ရန်ကုန် မေ ၈**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ဒုတိယနေ့ကို မေ ၈ ရက်က စလင်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြီးခဲ့သည့်ရာသီက ဒုတိယနေရာရခဲ့ပြီး ချန်ပီယံဆု နှစ်ကြိမ်ရဖူးသည့် အား/ကာသိပ္ပံအသင်းသည် ရာသီအစဖွင့်ပွဲတွင် ရုန်းကန်ခဲ့ရသော်လည်း ပယ်နယ်တီဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

ယခုရာသီမှ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ရှမ်းယူနိုက်တက်အသင်းသည် ကစားသမားသစ်များဖြင့် ဖွဲ့စည်းထားပြီး အသင်းကြီးတစ်သင်းဖြစ်သည့် အား/ကာသိပ္ပံအသင်းကို အရေးနိမ့်ခဲ့သော်လည်း အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သည်။

အသင်းခေါင်းဆောင် ခင်မာလာထွန်း ထိုင်းကလပ်သို့ ပြောင်းရွှေ့ကစားနေသဖြင့် အား/ကာသိပ္ပံအသင်းသည် ကျန်ရှိသည့်ကစားသမားများဖြင့် ပွဲထွက်လာပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ဒေသခံမျက်နှာသစ်ကစားသမားများကို လူငယ်လက်ရွေးစင်တိုက်စစ်မှူး ယုယနိုင်က ဦးဆောင်ခဲ့သည်။ အသင်းသစ် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် အား/ကာသိပ္ပံအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ရရှိသည့် ဂိုးသွင်းခွင့်များ အသုံးမချနိုင်ခဲ့၍သာ ဂိုးမရခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးကို ၅၄ မိနစ်တွင် ဝေနှင်းဖြိုးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ပွဲစဉ် (၁) တွင် YREO အသင်းပွဲစဉ်မပါဝင်ဘဲ ဧရာဝတီ၊ ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ နိုင်ပွဲကိုယ်စီရရှိကာ ရှမ်းယူနိုက်တက်၊ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ – MWL**



ရှမ်းယူနိုက်တက်နှင့် အား/ကာသိပ္ပံ ယှဉ်ပြိုင်နေစဉ်။

## ပညာရေးဝန်ကြီးဌာန

ပညာ

## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

## အင်းစိန်မြို့နယ်၌ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၇ ရက်က အင်းစိန်မြို့နယ် အ.ထ.က (၈)ကျောင်း ဇေရတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးအောင်ဝင်းကျော်က သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက အပြန်အလှန် ပြန်လည်ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ အင်းစိန်မြို့နယ် အ.ထ.က(၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုစန်းနှင့် ဆရာ ဆရာမများ၊ အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၅ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ချက်များနှင့်အညီ စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိအား ရှောင်တခင်စစ်ဆေး

**နေပြည်တော် မေ ၈**

စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိသူများ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့များသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ရှောင်တခင်စစ်ဆေးစဉ် ခွင့်ပြုထုတ်ပေးသည့် စက်သုံးဆီ အမျိုးအစားနှင့် ပမာဏများအတိုင်း အရောင်းဆိုင်သို့ အမှန် ရောက်ရှိခြင်း ရှိ/မရှိ၊ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ်ကိုက်ညီမှန်ကန်မှုရှိ/မရှိ၊ ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ/မရှိ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျရောင်းချခြင်း ရှိ/မရှိ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးကိစ္စရပ်များ ကြိုတင်ဆောင်ရွက်ထားခြင်း ရှိ/မရှိတို့ကို စစ်ဆေးခဲ့ကာ လိုအပ်သည်များ မှာကြားခဲ့ပြီး အလားတူ ရှောင်တခင် စစ်ဆေးမှုများအား မကြာခဏ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မြန်မာစာ မြန်မာစကား

## ဝိုက်ချ၊ မောက်ချ

မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။ အက္ခရာရေးဆွဲပုံ၊ ရေးဆွဲနည်း လွဲနေတတ်သည်။

ဝိုက်ချသည် အက္ခရာတစ်ခုခုနောက်တွင် ဝိုက်ဝိုက်ကွေးကွေးရေးချသော အာသရလက္ခဏာ (-ာ) ဖြစ်သည်။

**မောက်ချ**သည် အက္ခရာတစ်ခုခုနောက်တွင် မို့မို့မောက်မောက်ရေးချသော အာသရလက္ခဏာ (-ါ) ဖြစ်သည်။

ဝိုက်ချ(-ာ) ကို ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ အက္ခရာတို့နှင့် တွဲမသုံးရ။ သုံးသော် ဆ၊ က၊ က၊ အ၊ ဟ၊ တ နှင့် လွဲမှားတတ်သည်။ ထိုအက္ခရာခြောက်လုံးကို **"ခင်ဂူငေါ် ဒေါ်ပုံဝ"**ဟု အတိုမှတ်နိုင်သည်။

ထိုအက္ခရာခြောက်လုံးပင်ဖြစ်သော်လည်း ပင့်၊ ရစ်၊ ဆွဲ၊ ထိုး (-ျ၊ ြ-၊ -ွ၊ -ှ) နှင့် ယှဉ်လျှင်မူ ဝိုက်ချနှင့် တွဲသုံးနိုင်သည်။ (ခွာ၊ ဂျာ၊ ငြာ၊ ပျာ၊ ပြာ၊ ပွာ၊ ဝှာ)




မောက်ချ(-ါ) ကို ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ အက္ခရာခြောက်လုံးနှင့်သာ ယှဉ်တွဲသုံးသည်။

ထို့ကြောင့်

ခင်ဂူငေါ်ဒေါ်ပုံဝ၊ ဝိုက်ချမသုံးရ၊
မောက်ချအသုံးကျ။

(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

◆ *ကျောဖုံးမှ*

ပီအက်စ်ဂျီအသင်းသည် ပထမအကျော့တွင် ဒေါ့မွန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသောကြောင့် ယခုဒုတိယအကျော့တွင်ပြတ်သားသောရလဒ်ဖော်ဆောင်ကာ ဗိုလ်လုပွဲတက်လှမ်းနိုင်ရေး ခြေကုန်ထုတ်လာသော်လည်း ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးများကို အသင်းကစားသမားများ ဖြုန်းတီးပစ်ခဲ့သည့်အတွက် ဗိုလ်လုပွဲ တက်လှမ်းခွင့်နှင့် လွဲချော်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ဒေါ့မွန်အသင်းကို ဂိုးကန်သွင်းမှုအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေစွမ်းအသာဖြင့် ပွဲချိန်အများစု ဖိအားပေးကစားနိုင်ခဲ့သည်။ ထို့ပြင် ပီအက်စ်ဂျီအသင်းသည် ဂိုးရရှိရန်နီးစပ်သည့်အခွင့်အရေး ဖန်တီးမှု ငါးကြိမ်ထက်မနည်း ရှိခဲ့သော်လည်း ငါးကြိမ်စလုံး ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိပေ။

ဒေါ့မွန်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်လှမ်းပြီးနောက် အသင်းသမိုင်းတစ်လျှောက် ၁၉၉၇ ခုနှစ် နောက်ပိုင်း ဒုတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရန် လက်တစ်ကမ်းအလို ရောက်ရှိလာပြီဖြစ်သည်။ ဒေါ့မွန်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် လာမည့် ဇွန် ၁ ရက်တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

## ခြောက်နှစ်တာကာလအတွင်း တောင်ဆူဒန်ဒုက္ခသည် ၁ ဒသမ ၃၃ သန်းခန့် နေရပ်ပြန်ဟုဆို

**ဂျူဘား မေ ၈**

တောင်ဆူဒန်နိုင်ငံ၌ ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစတင်ကာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အတွင်း နေရပ်ပြန်သည့် တောင်ဆူဒန်နိုင်ငံသား ၁ ဒသမ ၃၃ သန်းခန့် ရှိသည်ဟု မေ ၈ ရက်တွင် ကုလသမဂ္ဂအေဂျင်စီက ပြောသည်။

မတ်လအတွင်း နေရပ်ပြန်သည့် တောင်ဆူဒန်နိုင်ငံသား ၄၅၄၂၉ ဦး ရှိပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် နေရပ်ပြန်သည့်သူပေါင်း ၁၂ ရာခိုင်နှုန်းတိုးလာသည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သတင်းထုတ်ပြန်ခဲ့သည်။ တောင်ဆူဒန်မှ ဒုက္ခသည်များ ခိုလှုံနေသည့် ဆူဒန်နိုင်ငံအတွင်း အစားအသောက်ဖူလုံမှု မရှိခြင်းနှင့် အစားအသောက်ဝေခွဲပေးမှု လျော့နည်းလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာမှုတို့ကြောင့် ယခုလို နေရပ်ပြန်သူများပြားလာခြင်းဖြစ်သည်။



တောင်ဆူဒန်မှ နေရပ်စွန့်ခွာလာသူများကို ၂၀၂၃ ခုနှစ် ဧပြီ ၃၀ ရက်က တွေ့ရစဉ်။

မတ်လအတွင်း ဆူဒန်နှင့်အီသီယိုးပီးယားနိုင်ငံတို့တွင် ရောက်ရှိနေသည့် တောင်ဆူဒန်မှ ဒုက္ခသည်များ အများဆုံးနေရပ်ပြန်လာကြခြင်းဖြစ်သည်။ မတ် ၃၁ ရက်အထိ ကင်ညာ၊ ယူဂန်ဒါ၊ ဆူဒန်၊ အီသီယိုးပီးယားနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ ပြန်လာသည့် တောင်ဆူဒန် ဒုက္ခသည်ပေါင်း ၂ ဒသမ ၂ သန်း ရှိပြီဟု သိရသည်။

**ဆင်ဟွာ**

## အကူအညီပေးရေးဖြတ်သန်းရေးဂိတ် ပြန်လည်ဖွင့်လှစ်ကြောင်း အစ္စရေးကြေညာ

**ဂျေရုဆလင် မေ ၈**

ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အဓိကဝင်ရောက်နိုင်မည့် ကီရမ်ရှာလုံဖြတ်သန်းရေးဂိတ်ကို ပြန်လည်ဖွင့်လှစ်တော့မည်ဟု မေ ၈ ရက်တွင် အစ္စရေးတို့က ကြေညာခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများတင်ဆောင်လာသည့် အကူအညီပေးရေး ကုန်တင်ကားများသည် အဆိုပါ ဖြတ်သန်းရေးဂိတ်သို့ရောက်ရှိနေပြီဖြစ်သည်ဟု ပါလက်စတိုင်းနှင့် အစ္စရေးတပ်ဖွဲ့ဆက်ဆံရေးရုံးမှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါ ကုန်တင်ကားများပေါ်တွင် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှ လှူဒါန်းထားသည့် အစားအသောက်၊ သောက်ရေ၊ ခိုလှုံရာပစ္စည်းများ၊ ဆေးပစ္စည်းနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ တင်ဆောင်လာသည်ဟု အဆိုပါရုံး၏ထုတ်ပြန်ချက်တွင်ပါဝင်သည်။

အစ္စရေးနိုင်ငံတောင်ပိုင်း စစ်ဘက်အခြေစိုက်စခန်းကို ပါလက်စတိုင်းလက်နက်ကိုင်အုပ်စုက တိုက်ခိုက်ခဲ့ပြီးနောက် ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် အစ္စရေးတို့က ကီရမ်ရှာလုံဂိတ်ကို ပိတ်ပစ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင် သုံးဦးထက်မနည်းသေဆုံးခဲ့သည်။

**ဆင်ဟွာ**



## စင်ကာပူ အက်ဖ် - ၁၆ ဂျက်တိုက်လေယာဉ်ပျက်ကျမှုဖြစ်ပွား

**စင်ကာပူ မေ ၈**

စင်ကာပူလေတပ်မှ အက်ဖ် – ၁၆ ဂျက်တိုက်လေယာဉ်တစ်စင်းသည် တန်ဂါလေတပ်အခြေစိုက်စခန်း၌ မေ ၈ ရက် တွင် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ တိုက်လေယာဉ်သည် ပျံတက်ချိန်တွင် ပြဿနာတစ်ရပ်နှင့် ကြုံတွေ့ခဲ့ကာ လေယာဉ်မှူးက အရေးပေါ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တုံ့ပြန်ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ လေယာဉ်မှူးသည် ပျက်ကျလေယာဉ်မှ အောင်မြင်စွာ ခုန်ထွက်နိုင်ခဲ့ပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ အခြားအမှုထမ်းများ ထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း သိရသည်။ အဆိုပါ မတော်တဆမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ၂၀၄၀ ပြည့်နှစ်တွင် မှတ်ဉာဏ်ချို့ယွင်းသည့် သက်ကြီးရွယ်အိုအရေအတွက် ၅ ဒသမ ၈၄ သန်း ကျော်လွန်ဖွယ်ရှိဟု ကျန်းမာရေးဝန်ကြီးဌာနက ခန့်မှန်း

**တိုကျို မေ ၈**

ဂျပန်နိုင်ငံ၌ မှတ်ဉာဏ်ချို့ယွင်းရောဂါဖြစ်ပွားသည့် သက်ကြီးရွယ်အိုအရေအတွက်မှာ ၂၀၄၀ ပြည့်နှစ်တွင် ၅ ဒသမ ၈၄ သန်း ကျော်လွန်လာဖွယ် ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။




အဆိုပါ အရေအတွက်မှာ သက်ကြီးရွယ်အို စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနသုတေသန အဖွဲ့တစ်ဖွဲ့သည် နိုင်ငံတစ်ဝန်းမှ ဒေသန္တရအုပ်ချုပ်ရေးလေးခုကို ရွေးချယ်သုတေသနပြုထားခြင်း ဖြစ်သည်။

အဆိုပါ ဒေသန္တရအုပ်ချုပ်ရေးများတွင် အသက် ၆၅ နှစ်နှင့်အထက်ရှိသူများကို မှတ်ဉာဏ်ချို့ယွင်းရောဂါ ဖြစ်ပွားမှုများအတွက် ဆရာဝန်များက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ကိုးနှစ်က ကောက်ယူခဲ့သော စစ်တမ်းများတွင် ၂၀၄၀ ပြည့်နှစ်၌ မှတ်ဉာဏ်ချို့ယွင်းရောဂါဖြစ်ပွားသူ ၈ ဒသမ ၀၂ သန်းရှိမည်ဟု ခန့်မှန်းထားသည်။

အနာဂတ်တွင် တစ်ဦးတည်းနေထိုင်သည့် မှတ်ဉာဏ်ချို့ယွင်းရောဂါဖြစ်ပွားသူ အရေအတွက်မှာ တိုးလာနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ပြောသည်။ မိသားစုထောက်ပံ့မှုမှာ အကန့်အသတ်ရှိသောကြောင့် ဒေသခံအသိုင်းအဝိုင်းများအနေဖြင့် ၎င်းတို့ကို အရေးတကြီး ပံ့ပိုးကူညီသင့်ကြောင်း ကျွမ်းကျင်သူများက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံအတွင်း ကောက်ယူထားသည့် နမူနာများတွင် ပိုလီယိုပိုး ရပ်စ် တွေ့ရှိ

**အစ္စလာမ္မာဘတ် မေ ၈**

ပါကစ္စတန်နိုင်ငံအတွင်း ကောက်ယူထားသည့်နမူနာလေးခုတွင် ပိုလီယိုအရိုင်းပိုး Type1 တွေ့ရှိရသည်ဟု နိုင်ငံ၏ အမျိုးသားကျန်းမာရေးဌာနက မေ ၈ ရက်တွင် ပြောသည်။

### ဗိုင်းရပ်စ်နမူနာလေးခုတွေ့ရှိ

နိုင်ငံအတွင်းမြို့နှစ်မြို့မှ ယူဆောင်လာသည့် နမူနာလေးခုတွင် ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ကောက်ယူထားသည့် နမူနာအရေအတွက်မှာ ၁၁၂ ခုအထိ တိုးလာကြောင်း ဒေသတွင်းရည်ညွှန်းဓာတ်ခွဲခန်းမှ ထုတ်ပြန်ချက်တွင် ပါဝင်သည်။ ယခုဗိုင်းရပ်စ်တွေ့ရှိရသည့် နမူနာသုံးခုမှာ ကရာချီမြို့မှဖြစ်ပြီး နောက်ထပ်နမူနာတစ်ခုမှာ ဘလိုချစ္စတန်ပြည်နယ် ပီရှင်ခရိုင်မှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

### ကာကွယ်ဆေးတိုက်ကျွေးရမည်

ပိုလီယိုရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားသည့်နေရာများတွင် ပေါင်းစပ်မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြထားသည်။ နိုင်ငံအတွင်း ပိုလီယိုရောဂါနှိမ်နင်းနိုင်ရေးအတွက် မိဘများသည်၎င်းတို့ကလေးငယ်များကို ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမှုတိုင်းတွင် လာရောက်တိုက်ကျွေးရမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

**ဆင်ဟွာ**

## အိန္ဒိယ၌ လေယာဉ်ထွက်ခွာမည့်နောက်ဆုံးအချိန်တွင် လေယာဉ်အမှုထမ်းများ မလာရောက်နိုင်သောကြောင့် ခရီးစဉ် ၇၀ ခန့်ဖျက်သိမ်း

**နယူးဒေလီ မေ ၈**

လေယာဉ်ထွက်ခွာမည့်နောက်ဆုံးအချိန်တွင် ဝါရင့်လေယာဉ်အမှုထမ်းအဖွဲ့ဝင်များ ဖျားနာနေကြောင်း သတင်းပို့မှုရရှိပြီးနောက် အဲအိန္ဒိယအိတ်ပရက်စ် ပုဂ္ဂလိက လေကြောင်းလိုင်း၏ နိုင်ငံတကာလေကြောင်းလိုင်း ခရီးစဉ်များနှင့် ပြည်တွင်းလေကြောင်းလိုင်းခရီးစဉ်များအပါအဝင် လေကြောင်းလိုင်း ၇၀ ခန့်ကို မေ ၈ ရက်က ဖျက်သိမ်းခဲ့ရကြောင်း လေကြောင်းလိုင်းကုမ္ပဏီ၏ အဆင့်မြင့်အရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။

ပုဂ္ဂလိက လေကြောင်းလိုင်းဖြစ်သည့် အဲအိန္ဒိယအိတ်ပရက်စ်သည် အဲအိန္ဒိယ၏ လက်အောက်ခံ လေကြောင်းလိုင်း တစ်ခုဖြစ်ပြီး တာတာအုပ်စု၏ အဖွဲ့ဝင်လည်း ဖြစ်သည်။

အပတ်စဉ် ပြည်တွင်းလေယာဉ်ကွင်း ၃၁ ကွင်းနှင့် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း ၁၄ ကွင်းကို လေကြောင်းလိုင်း ၂၅၀၀ နှင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

နောက်ဆုံးအချိန်တွင် မိမိတို့၏ လေယာဉ်အမှုထမ်းများ ဖျားနာလျက်ရှိကြောင်း သတင်းပေးပို့ခဲ့သောကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးခြင်းနှင့် ဖျက်သိမ်းလိုက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ မိမိတို့အနေဖြင့် ယခုလို ဖြစ်ပွားရသည့် နောက်ကွယ်မှ အကြောင်းရင်းများကို နားလည်ရန် လေယာဉ်အမှုထမ်းများကို ချိတ်ဆက်ဆောင်ရွက်နေချိန်တွင် မိမိတို့၏ ခရီးသည်များ ဖြစ်ပေါ်ခဲ့ရသည့် မည်သည့်အဆင်မပြေမှုမျိုးကိုမဆို နည်းသည်ထက်နည်းအောင် ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း အဲအိန္ဒိယအိတ်ပရက်စ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ခရီးသည်များ ဝယ်ယူထားသည့် လက်မှတ်ခများကိုပြန်လည်ထုတ်ပေးမည် ဖြစ်ကြောင်း သို့မဟုတ် ခရီးသည်များ ဆန္ဒရှိသည့် တခြားသင့်တော်မည့်ရက်သို့ ပြောင်းလဲပေးသွားမည်ဖြစ်ကြောင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



# ပခုက္ကူမြို့၌ ခရမ်းချဉ်သီးအရောင်းအဝယ်ဖြစ်မှုအခြေအနေ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့ပေါ်ရှိ ခရမ်းချဉ်သီး ဈေးကွက်သို့ ရှမ်းပြည်နယ် အောင်ပန်း၊ ပြင်ဦးလွင်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း၊ ပုပ္ပားဒေသထွက် ခရမ်းချဉ်သီးနှင့် ပခုက္ကူ၊ မြစ်ခြေကျွန်းဒေသထွက် ခရမ်းချဉ်သီးများဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ကျွန်းဗမာခရမ်းချဉ်သီးများ ဝင်ရောက်မှု နည်းပါးပြီး ရှမ်းပြည်နယ် အောင်ပန်းဒေသထွက် ခရမ်းချဉ်သီးများ ဝင်ရောက်မှုများကြောင်း၊ အောင်ပန်းနှင့် ပြင်ဦးလွင်မှဝင်ရောက်သည့် ခရမ်းချဉ်သီးများမှာ ရာသီမရွေးဝယ်ယူစားသုံးနိုင်ပြီး အခွံထူ၍ အချဉ်ဓာတ်နည်းသည့်အပြင် အလုံးအရွယ်အစားလှခြင်းကြောင့် ဝယ်ယူစားသုံးမှုများကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက် အနေဖြင့် ဧပြီလစတုတ္ထပတ်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် အရွယ်အစားနှင့် အရည်အသွေးကိုလိုက်၍ ငွေကျပ် ၇၀၀-၈၀၀-၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေလပထမပတ် အစောပိုင်းကာလတွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀-၁၂၀၀-၁၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပခုက္ကူဈေးကွက်သို့ ဒေသထွက်ခရမ်းချဉ်သီးများ ဝင်ရောက်မှုနည်းပါးခြင်းကြောင့် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ခန့်အထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

# မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲစိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာစိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဧပြီလ စတုတ္ထပတ်တွင် ငွေကျပ် ၅၀၀၀-၆၀၀၀ ဖြင့်လည်းကောင်း၊ မေလပထမပတ်တွင် ငွေကျပ် ၉၀၀၀-၁၁၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိပြီး နွေရာသီတွင် ကွမ်းအထွက်နှုန်းတိုးလျက်ရှိသော်လည်း ရာသီဥတုအပူဒဏ်ကြောင့် ရွက်လိပ်ပိုးကျကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု နည်းပါးခြင်းကြောင့် ဈေးကောင်းရရှိလျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA (စစ်ကိုင်း)



# ပြည်တွင်း၌ ဝယ်လိုအားမြင့်တက်နေသည့် သွင်းကုန်အစားထိုး ပီလောပီနံမှုန့်များ

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများတွင် စိုက်ပျိုးရန် လွယ်ကူပြီး လုပ်အားခနှင့် ကုန်ကျစရိတ်သက်သာသော ပီလောပီနံများကို နေရာအနှံ့ စိုက်ပျိုးလျက်ရှိပြီး အချို့ကျေးရွာများတွင် အိမ်ခြံ စည်းရိုးများတွင်ပင် စိုက်ပျိုးလျက်ရှိကြောင်း၊ ပီလောပီနံမှုန့်များကို စားသောက်ကုန်များဖြစ်သည့် ကော်မှုန့်၊ သာဂူချောင်း၊ သာဂူစေ့များ ပြုလုပ်ခြင်း၊ ဂျုံမှုန့်နှင့်ရောနှော၍ အသုံးပြုခြင်း၊ တိရစ္ဆာန်အစာတောင့်များ အဖြစ်ပြုလုပ်ခြင်းတို့တွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။



ဝဥစက်ရုံများ အနေဖြင့် ဇန်နဝါရီလနောက်ပိုင်း ဝဥရာသီကုန်ဆုံးချိန်တွင် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခြင်းမဖြစ်စေရန် ပီလောပီနံများ ဆက်လက်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ပီလောပီနံ (အစို) တစ်ပိဿာလျှင် စက်ရုံအရောက်ဈေးနှုန်း ငွေကျပ် ၅၀၀-၁၀၀၀ ဖြင့် ဝယ်ယူရရှိပြီး အမှုန့်ကြိတ်ကာ အမှုန့်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချကြကြောင်း၊ ယခင်နှစ်၌ ပီလောပီနံအမှုန့်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သော်လည်း ယခုနှစ်တွင် ပြည်ပမှ တင်သွင်းသည့် ဂျုံမှုန့်အစား ပီလောပီနံအမှုန့်များ အစားထိုး၍ အသုံးပြုလာသောကြောင့် ပြည်တွင်းဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

DOCA (မွန်)

# ပေါက်မြို့နယ်၌ ပျိုးပင်စိုက်ကြက်သွန်နီများ လှိုင်လှိုင်ပေါ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ပျဉ်းချောင်းကျေးရွာအုပ်စု ပျဉ်းချောင်း၊ ထန်းတောကုန်း၊ ဆူးလေကုန်း၊ ဆယ်ဝ၊ ဆင်သေ၊ အောက်ကျင်းစသည့် ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ပျိုးပင်စိုက် ကြက်သွန်နီများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ကြက်သွန်နီများကို စိုက်ပျိုးရာတွင် ကြက်သွန်နီမျိုးစေ့များကို ပျိုးပင်အဖြစ်ပျိုးထောင်၍ ပျိုးပင်များကိုနုတ်ယူကာ စိုက်ကျင်းများတွင် ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ ပျိုးပင်စိုက် ကြက်သွန်နီများကို ဇန်နဝါရီလတွင် စတင်စိုက်ပျိုးပြီးဧပြီလတွင် တူးဖော်ရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် လုပ်အားခ၊ မြေပြုပြင်ခ၊ စက်သုံးဆီဖိုးနှင့် အခြားသွင်းအားစုများအပါအဝင် စုစုပေါင်းငွေကျပ် ၃၆၀၀၀၀ ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ပိဿာ ၃၂၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ယခင်နှစ်၌ ကြက်သွန်နီ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၁၅၀၀ ပေါက်ဈေးရှိပြီး ယခုနှစ်တွင် ငွေကျပ် ၂၃၀၀ ဈေးနှုန်းဖြင့်ပခုက္ကူမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချရကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းများ ကောင်းမွန်၍ အကျိုးအမြတ်များရရှိကာ တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။

DOCA (မကွေး)

# ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းများ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ မေလပထမပတ်မှ စတင်၍ ပဲတီစိမ်းများ ဝင်ရောက်လျက်ရှိပြီး မေလပထမပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၃၅၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၁၅၀၊ တန် အားဖြင့် ၅ တန်ခန့်ရှိကြောင်း၊ ယခင်နှစ် ကာလတူဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခင်နှစ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၆၆၆၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၁၃၁၀၀ ဈေး လျော့နည်းခဲ့ကြောင်း သိရှိရသည်။

DOCA (စစ်ကိုင်း)

## ၈.၅.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | – | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၅၀၀ | ၇၀၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၃၅၀ | ၁၀၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၅၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၀၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၃၈၀၀ | ၉၃၀၀ | ၈၆၀၀ | ၁၀၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၆၀၀ | ၂၉၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၁၀၀၀ | ၃၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၀၀ | | ၅၇၅၀ | ၁၆၀၀၀ | ၅၆၅၀ | ၄၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၂၀၀ | ၇၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၆၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၂၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၄၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၈၀၀ | ၂၄၀၀ | ၁၁၅၀၀ | ၁၂၆၀၀ | ၇၂၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၆၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၂၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | | ၁၆၀၀၀ |

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တော့င်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်း များ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထား ပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန် ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြု လိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီး တွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သော ကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တု ပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၈၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com


သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ဖို့ MDA Application ကိုယခုပဲ အခမဲ့ရယူလိုက်ပါ။ Google Play

Developed by ; | In collaboration with ; | Printed by ;

DRR Working Group Myanmar

# ဒို့တောင်သူတွေ ဝင်ငွေတိုးဖို့ ပေါင်းစည်းလယ်ယာ လုပ်ကြစို့

မောင်အောင်

"အားလုံး မင်္ဂလာပါ။ ရောက်နေကြတာ ကြာပြီလား ဗျာ"

အိမ်ဝိုင်းအတွင်း ဘကြီးအောင် ရောက်သွားတော့ ရွာသူရွာသား ၆၀-၇၀ ခန့် အသင့်ရောက်ရှိနေသဖြင့် နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"မကြာသေးပါဘူး။ စောစောကမှ ရောက်ကြတာပါ"။

**ထိုင်းနံ့ကောက် မျိုးစပါး၊ မျိုးစေ့စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း**

ရှေ့ထိုင်ခုံရှိ လယ်သမားကြီးတစ်ဦးက သွက်သွက်လက်လက် ပြန်ဖြေလိုက်သည်။ နေရာကား တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်တွင် ဖြစ်သည်။ ရန်ကုန် - မန္တလေးကားလမ်းဟောင်း၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ လယ်ကွင်းအတွင်းရှိ အိမ်ဝိုင်းတွင် ဖြစ်သည်။ အိမ်ဝိုင်းအတွင်း နို့စားနွား ၁၅ ကောင်နှင့် ကျွဲ ခြောက်ကောင်ခန့် မွေးထားသည်။ ဥစားဘဲကလည်း ၂၅၀ ခန့်ရှိသည်။ သဘာဝမြေဩဇာပုံ ခြောက်ပုံကလည်း စိုက်ခင်းအတွင်းထည့်ရန် အသင့်ဖြစ်နေသည်။ ခပ်လှမ်းလှမ်းရှိ ထိုင်းနံ့ကောက်မျိုးစပါး၊ မျိုးစေ့ထုတ်စိုက်ခင်းကလည်း စပါးသီးများဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်။

နေမပူသေးဘဲ တက်သစ်စအလင်းရောင်အောက်မှ တောင်သူများ၏ နွေးထွေးပျူငှာသည့် အပြုံးများက ဘကြီးအောင်၏ ရင်ကို လန်းဆန်းကြည်နူးစေပါသည်။

**စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အဓိက အလုပ်လုပ်ကြ**

"ကျွန်တော် အခုလို ကျွန်တော်တို့ အမျိုးတွေ တောင်သူတွေကို ကျန်းကျန်းမာမာ စုံစုံညီညီတွေ့ရတော့ အများကြီး ဝမ်းသာကြည်နူးမိပါတယ်။ အထူးသဖြင့် ဒီနေ့ခရီးစဉ်ကို ပေါင်းစည်းလယ်ယာမှာ စီစဉ်ထားပေးတဲ့ ကျွန်တော့်ရဲ့ ဝန်ထမ်းတွေကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက တောအရပ်မှာ နေကြတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အဓိကထားပြီး အလုပ်လုပ်ကြတယ်။ အသက်မွေးဝမ်းကျောင်းပြုကြတယ်။ တိုင်းပြည်ချမ်းသာတယ်ဆိုတာ သူဌေးကြီး (၄-၅-၁၀) ယောက်လောက် ကျိကျိတက်ချမ်းသာနေတာကို တိုင်းပြည် ချမ်းသာတယ်လို့ ပြောလို့မရဘူး။ အခုလို လူများစုဖြစ်တဲ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေ ချမ်းသာမှ တိုင်းပြည်ချမ်းသာတယ်လို့ ပြောလို့ရမှာ။ ဒါ့ကြောင့် အခုနိုင်ငံတော်ကို တာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်က ဒုတိယအချက်မှာ **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။"** ဆိုပြီး လုပ်ငန်းစဉ်ချမှတ်ခဲ့တာ။"

"တောင်သူ ဦးကြီးတွေအားလုံး သိပါတယ်။ အရင်အစိုးရတွေ လက်ထက်ကလည်း စိုက်ပျိုးစရိတ်ချေးငွေ၊ ကြိုတင်ငွေ မပေးဘူးလား။ ပေးလား။"

"ပေးပါတယ်"

ငြိမ်၍ နားထောင်နေသည့် လူထုကြီး တက်ကြွလာအောင် ဘကြီးအောင်က မေးလိုက်ခြင်း ဖြစ်သည်။

"မွေးမြူရေးချေးငွေ၊ ကြိုတင်ငွေရော ပေးတာရှိလား"။

"မရှိပါဘူး" အားလုံးက ဝိုင်း၍ ဖြေလိုက်ကြသည်။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက မွေးမြူရေးချေးငွေ ကြိုတင်ပေးတာ**

"အေး ဒါပေမယ့် ကျွန်တော်တို့ လက်ရှိအစိုးရလက်ထက်မှာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ မွေးမြူရေးချေးငွေ ကြိုတင်ပေးတာရှိတယ်။ အဲ ဒါပေမယ့် တစ်ခုကွာတာက အရင်အစိုးရတွေလက်ထက် စိုက်ပျိုးစရိတ်ချေးငွေကို ငွေသားထုတ်ပေးလိုက်တယ်။ အဲဒီလို ငွေသားထုတ်ပေးလိုက်တော့ မြေဩဇာနောက်မှ ဝယ်ပါ၊ ငွေလေးရှိတုန်း ကျုပ်ကိုနားကပ်လေးဝယ်ပေးပါလို့ မိန်းမက ပူဆာတော့ ခင်ဗျားတို့ မျက်နှာလုပ်ချင်တာကြောင့် နားကပ်ဝယ်မပေးဖူးလား၊ ဝယ်ပေးလား။"

"ဝယ်ပေးပါတယ်။"

ဘကြီးအောင် စကားကို တောင်သူ ဦးကြီးများက ဝိုင်းဖြေလိုက်သည်။

"သားလုပ်တဲ့သူက ကျောင်းတက်ဖို့ ဆိုင်ကယ်လေးဝယ်ပေးပါလို့ဆိုတော့ ဝယ်မပေးကြဘူးလား၊ ဝယ်ပေးကြလား။"

"ဝယ်ပေးပါတယ်။"

"အဲဒီတော့ နိုင်ငံတော်က ပေးလိုက်တဲ့ စိုက်ပျိုးစရိတ်ချေးငွေက စပါးအထူးအထွက်တိုးဖို့ မဟုတ်ဘဲ မိန်းမနားကပ်ဝယ်ဖို့နဲ့ သားဆိုင်ကယ်ဝယ်ဖို့ ဖြစ်မသွားဘူးလား၊ ဖြစ်သွားလား။"

"ဖြစ်သွားပါတယ်။"

အားလုံးက တညီတညွတ်တည်း ဝိုင်း၍ ဖြေကြသည်။

**တောင်သူကြီးတွေ မွေးချင်တဲ့ တိရစ္ဆာန်မျိုးရရှိရေး စီစဉ်ပေး**

"အဲဒါကြောင့် ကျွန်တော်တို့ အစိုးရလက်ထက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ စိုက်ပျိုးရေးချေးငွေပေးတဲ့အခါမှာ ငွေကို တိုက်ရိုက်မပေးဘဲ စပါးစိုက်မယ်၊ မြေပဲစိုက်မယ်ဆိုရင် စိုက်ချင်တဲ့မျိုး၊ မျိုးကောင်းမျိုးသန့်ဝယ်ပေးတယ်။ တောင်သူကြီးတွေ သုံးချင်တဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဝယ်ပေးတယ်။ အလားတူပဲ မွေးမြူရေးမှာလည်း တောင်သူကြီးတွေ မွေးချင်တဲ့ တိရစ္ဆာန်မျိုး ရရှိရေး စီစဉ်ပေးတယ်။ ကျွေးချင်တဲ့ အစာစပ်စာ၊ ကုမ္ပဏီအစာမှာပေး၊ ဝယ်ပေးတယ်။ အဲဒီတော့ တောင်သူကြီးတွေ ဝင်ငွေတိုးဖို့ စိုက်ဖို့၊ မွေးဖို့ပဲ မလိုဘူးလား။ ကိုယ့်ဘာသာ မျိုးရှာဖို့ မြေဩဇာဝယ်ဖို့ လိုသေးလား။"

"မလိုပါဘူး။"

"အဲဒါအပြင် စိုက်ပျိုးရေးက ထွက်လာတဲ့စပါးတို့၊ မြေပဲတို့၊ နှမ်းတို့၊ နေကြာတို့ကို ပေါက်ဈေးနဲ့ ဝယ်ဖို့ကို ဝယ်လက်ချိတ်ဆက် မပေးဘူးလား၊ ပေးလား။"

"ချိတ်ဆက်ပေးပါတယ်။"

"အဲဒီတော့ ကျွန်တော်တို့ တောင်သူတွေ ပိုပြီး အဆင်ပြေတာပေါ့။ ဒါ့အပြင် ကိုယ်ကြိုယူထားတဲ့ ငွေတန်ဖိုးလောက်ပဲ ချိတ်ဆက်ပေးတဲ့ လူဆီမှာ ရောင်းပြီး ကျန်တဲ့ ထွက်ရှိတဲ့ သီးနှံကို ကိုယ်ရောင်းချင်တဲ့နေရာမှာ ရောင်းလို့ မရဘူးလား၊ ရလား။"

"ရပါတယ်။"

လက်တွေ့အမှန်တရားဖြစ်နေ၍ တောင်သူ ဦးကြီးများ အားပါတရဖြေကြသည်။

"ကဲ ဒီတော့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ စိုက်စရိတ်ကြိုတင်ပြီးပေးတဲ့ အစီအစဉ်က ဒီထက်ကောင်းတာရှိပါဦးမလား။"

"မရှိပါဘူး။" အားလုံးက တက်ကြွစွာ ပြန်ဖြေကြသည်။

"မရှိပါဘူး။ မလုပ်နဲ့ ရှိပါသေးတယ်။ ခင်ဗျားတို့ ထမင်းစားရင် ထမင်းချည်းဘဲ စားတာမဟုတ်ဘဲ၊ သား၊ ငါးဟင်းရော မစားဘူးလား၊ စားလား။"

"စားပါတယ်"

"အဲဒီဟင်းရဖို့အတွက် နိုင်ငံ့စီးပွားရန်ပုံငွေကနေ မွေးမြူရေးချေးငွေရော ချေးမပေးဘူးလား။ ချေးပေးနေတယ်။ အဲဒါ လက်ရှိ ကျွန်တော်တို့ အစိုးရရဲ့ စေတနာ၊ နိုင်ငံတော်ရဲ့စေတနာပဲ။ စိုက်ပျိုးရေးလုပ်တယ်။ စပါးစိုက်တယ်၊ ပဲစိုက်တယ်။ စပါးစိုက်တော့ ကောက်ရိုးရတယ်။ ပဲစိုက်တော့ ပဲရိုးရတယ်။ အလားတူ စပါးကိုကြိတ်လိုက်တော့ ဆန်ရပြီး ဆန်ကွဲ၊ ဖွဲနုပါ အပိုရတယ်။ အတူတူပဲ မြေပဲတို့၊ နှမ်းတို့ ကြိတ်လိုက်တော့ ဆီရပြီး ပဲဖတ်၊ နှမ်းဖတ် မရဘူးလား။ အဲဒီတော့ စပါးကနေ ဘေးထွက်ပစ္စည်းဖြစ်တဲ့ ကောက်ရိုးတို့၊ ဆန်ကွဲတို့၊ ဖွဲနုတို့ ရသလို မြေပဲ၊ နှမ်းနဲ့ နေကြာက မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီရတဲ့အပြင် မြေပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်ရတယ်။ အဲဒီတော့ စိုက်ပျိုးရေးရဲ့ ဘေးထွက်ပစ္စည်းဖြစ်တဲ့ ကောက်ရိုး၊ ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်နဲ့ နေကြာဖတ်တွေက တိရစ္ဆာန်မွေးမြူရေးအတွက် အစာဖတ်ရတယ်။ အဲဒီလိုပဲ နွားမွေးတယ်၊ ကြက်မွေးတယ်၊ ဝက်မွေးတယ်ဆိုရင် နွားနို့၊ ကြက်ဥ၊ ကြက်သားနဲ့ ဝက်သားရတဲ့အပြင်ကို သူတို့က စွန့်ထုတ်တဲ့ နွားချေး၊ ကြက်ချေး၊ ဘဲချေး၊ ဝက်ချေးတွေက စိုက်ပျိုးရေးအတွက် မြေဩဇာမရဘူးလား၊ ရလား။"

**သဘာဝမြေဩဇာက မြေရဲ့အရည်အသွေးကို ထာဝရထိန်းသိမ်းပေး**

"အဲဒီ နွားချေး၊ ကြက်ချေး၊ ဝက်ချေး၊ ဘဲချေးနဲ့ အမှိုက်ခြောက်တွေနဲ့ရောပြီး သဘာဝမြေဩဇာလုပ်ပြီး သုံးလို့မရဘူးလား။ အခုလို ဓာတ်မြေဩဇာဈေးကြီးနေတဲ့အခါ သဘာဝမြေဩဇာ လုပ်ပြီးသုံးဖို့ လိုတယ်။ ဓာတ်မြေဩဇာက ရေရှည်သုံးရင် မြေကို ကြတ်စေတယ်။ ပျက်စီးစေတယ်။ သဘာဝမြေဩဇာက မြေရဲ့အရည်အသွေးကို ထာဝရထိန်းသိမ်းပေးတယ်။ မြေကို မွစေတယ်။ ဒီတော့ ကျွန်တော်တို့ တောင်သူဦးကြီးတွေ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို တွဲဖက်ပြီးလုပ်သင့်သလား၊ မလုပ်သင့်ဘူးလား။ စဉ်းစားစေချင်တယ်။ လုပ်ကြဖို့ လိုတယ်။"

"ကျွန်တော့်ရဲ့ နိုင်ငံ့ဝန်ထမ်းတစ်လျှောက် ရတဲ့နေရာမှာ ရသလို စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်တယ်။ အခုလက်ရှိ ကျွန်တော့်အိမ်မှာ သိုး ကိုးကောင်၊ ဘဲငန်း ၁၀ ကောင်၊ ကြက်ဆင် ၁၀ ကောင်၊ ဒေသကြက်အကောင် ၆၀ နှင့် ဘဲ ၁၅ ကောင်မွေးထားတယ်။ ဒေသကြက်က စပြီးမွေးတုန်းက ကြက်ဖတစ်ကောင်နှင့် ကြက်မ ငါးကောင်ပဲ။ အဲဒီက ပွားလာတာ အကောင်တစ်ရာကျော်သွားလို့ အိမ်လာပြီးလည်တဲ့ လူတွေ မွေးချင်ရင် ပေးလိုက်တယ်။ သိုးကလည်း သုံးကောင်နဲ့ စပြီးမွေးတာ။ သုံးနှစ်ကြာတော့ ကိုးကောင်ဖြစ်လာတာ။ ဘဲက တစ်နေ့ ကိုးလုံး၊ ၁၀ လုံး ဥတယ်။ အိမ်နီးချင်းတွေ ဝေပေးတော့ သူတို့လည်း ကျေးဇူးတင်တာပေါ့။ အိမ်က စားချင်ရင်လည်း ဈေးသွား စရာမလိုဘူး။ အိမ်ရှေ့မှာလည်း ချဉ်ပေါင်ပင်၊ ငရုတ်ပင်၊ ရုံးပတီပင်စိုက်ထားတယ်။ သရက်ပင်၊ သံပရာပင်၊ ပိန္နဲပင်၊ ရှောက်ပင်၊ နှင်းသီးပင်တွေလည်းရှိတယ်။ ကောက်ရိုးမှိုလည်း စိုက်ထားတယ်။ ကျွန်တော့်အိမ်လာပြီးလည်တဲ့ လူတွေက **"ဒီအိမ်ကတော့ ပဒေသာပင်ပေါက်နေသလား"** ထင်ရတယ်လို့တောင် ပြောတယ်။ အဲဒီတော့ တောင်သူ ဦးကြီးများလည်း အိမ်တိုင်း၊ အိမ်တိုင်း ပဒေပင်ပေါက်အောင် လုပ်ကြဖို့လိုတယ်။"



သဘာဝမြေဩဇာပြုလုပ်နည်းကို တာဝန်ရှိသူတစ်ဦးက ရှင်းပြနေစဉ်။

**❝ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက တောအရပ်မှာ နေကြတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အဓိကထားပြီး အလုပ်လုပ်ကြတယ်။ အသက်မွေးဝမ်းကျောင်း ပြုကြတယ်။ တိုင်းပြည်ချမ်းသာတယ်ဆိုတာ သူဌေးကြီး (၄-၅-၁၀) ယောက်လောက် ကျိကျိတက် ချမ်းသာနေတာကို တိုင်းပြည်ချမ်းသာတယ်လို့ ပြောလို့မရဘူး။ အခုလို လူများစုဖြစ်တဲ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေ ချမ်းသာမှ တိုင်းပြည်ချမ်းသာတယ်လို့ ပြောလို့ရမှာ❞**

*စာမျက်နှာ ၁၇ သို့*

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လှိုင်သာယာနည်းပညာတက္ကသိုလ် ကျောင်းဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု



**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် မေ ၆ ရက်က လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက တက္ကသိုလ်အတွင်း ပင်မသုံးထပ် စာသင်ဆောင်သစ် တည်ဆောက်နေမှု၊ စာသင်ခန်း၊ Lab ခန်း၊ စာကြည့်တိုက်၊ ရုံးခန်းများ၊ အစည်းအဝေးခန်းမ၊ အားကစားရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် တည်ဆောက်ရေး လုပ်ငန်းအခြေအနေများ၊ ကျောင်းရှေ့အဝင်လမ်း ကွန်ကရစ်ခင်းပြီး လမ်းလယ်ကျွန်းတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ကြရန်၊ ကျောင်းတည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးရေး ကြိုးကြပ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘုရင့်နောင်တံတားနှစ်စင်းကြားရှိ ပြည်သူများ အနားယူအပန်းဖြေနိုင်ရေးပန်းခြံတည်ဆောက်ပေးထားပြီး ပန်းခြံအတွင်း ပိုက်ကျော်ခြင်းကွင်း၊ ဘော်လီဘောကွင်း၊ ဘောလုံးကွင်း ဆောင်ရွက်ပေးထားမှုများနှင့် ခြံစည်းရိုး ကာရံနေမှုများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လေဘေးဒဏ်သင့် သမိုင်းဝင်မွေတော်ကက္ကူဘုရားနှင့် အရံစေတီများအတွက် အလှူငွေများ ပေးအပ်

**ကျောက်တလုံးကြီး မေ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့တွင် မေ ၂ ရက် ညက လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထီးတော်မြေခြင်း ဖြစ်ပွားခဲ့သည့် မွေတော်ကက္ကူဘုရားဝင်းရှိ အရံစေတီခြောက်ဆူ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများက မေ ၇ ရက်က မွေတော်ကက္ကူဘုရားသို့ သွားရောက်ဖူးမြော်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မွေတော်ကက္ကူဘုရားဝင်းအတွင်း ပစ္စယံဉာဏ်တော် ၂၂ ပေ၊ ထီးတော်လက်မ ၂၀ ရှိ အရံစေတီအမှတ် (A–3)၊ အရံစေတီအမှတ် (E–40)၊ အရံစေတီအမှတ် (F–30)၊ အရံစေတီအမှတ် (G–31)၊ အရံစေတီအမှတ် (G–31)၊ အရံစေတီအမှတ် (F–120) တို့အား ကြာမှောက်ကြာလန်မှ ကျိုးကျ၍ ထီးတော်မြေခြင်းဖြစ်ပွားခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စေတီများအား ရှေးမူလက်ရာ မပျောက်မပျက်ဘဲ ခိုင်ခံ့မှုရှိစွာ ပြန်လည်ပြုပြင်နိုင်ရေး ရှမ်းပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၉၀ နှင့် မွေတော်ကက္ကူဘုရားအထွေထွေကိစ္စရပ်များအတွက် လှူဒါန်းငွေကျပ် ၅ သိန်း ၇ သောင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဘုရားဂေါပကအဖွဲ့ထံသို့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## မျက်စိတိမ်ရောဂါ ကင်းစင်ပပျောက်ရေး တောင်တွင်းကြီးမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး မေ ၈**

မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများက ဝါးခြမ်းကာကျေးရွာ၊ အောင်သုခကျေးရွာနှင့် ချောင်းနက် (အရှေ့၊ အနောက်)ကျေးရွာများတွင် မေ ၇ ရက်က မျက်စိတိမ်ရောဂါ ကင်းစင်ပပျောက်ရေး ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာနေဇော်အောင် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျေးရွာများအရောက် မျက်စိတိမ်ရောဂါ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ရာ ဝါးခြမ်းကာကျေးရွာမှ မျက်စိတိမ်ရောဂါ တွေ့ရှိသူ ၂၄ ဦး၊ အောင်သုခကျေးရွာမှ လေးဦးနှင့် ချောင်းနက် (အရှေ့၊ အနောက်) ကျေးရွာများမှ မျက်စိတိမ်ရောဂါ တွေ့ရှိသူ ၄၇ ဦးတို့အား တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများက မေ ၁၃ ရက်တွင် အခမဲ့ ခွဲစိတ်ကုသ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ရန်နောင်စိုး (ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

"ကဲ ဒီတော့ ကျွန်တော့်အကြောင်းပြောတာများသွားပြီ။ အခု ကျွန်တော်တို့ ရောက်နေတာ ခင်ဗျားတို့မြို့၊ ခင်ဗျားတို့ ရပ်ကွက်။ ခင်ဗျားတို့ ရပ်ကွက်သား ကိုတင်ထွန်းအောင်က သူ့အိမ်မှာ ဘာတွေလုပ်ထားတယ်။ သူ့မှာဘယ်လောက်အကျိုးရှိတယ်ဆိုတာကို ပြောပြလိမ့်မယ်။ ကဲ ကိုတင်ထွန်းအောင်ရေ ခင်ဗျား စိုက်ထား၊ မွေးထား၊ လုပ်ထားတာလေးတွေ ပြောပြပေးပါဦး။"

ကျွန်တော်က ပေါင်းစည်းလယ်ယာပိုင်ရှင် ကိုတင်ထွန်းအောင်ကို အလှည့်ပေးလိုက်သည်။

"အားလုံးသိတဲ့အတိုင်း ကျွန်တော်ဒီမြို့သား၊ ဒီရပ်ကွက်သားပါ။ ကျွန်တော့် ဒီခြံက ၀ ဒသမ ၇၅ ဧက ကျယ်ပါတယ်။ ထိုင်းနံ့ကောက်မျိုးစပါးထုတ်စိုက်ခင်းလုပ်ထားတဲ့ ကျွန်တော့်လယ်က ၁၈ ဧက ရှိပါတယ်။ ဒီလယ်လုပ်ငန်းက ကျွန်တော့်အဖေက လွန်ခဲ့တဲ့နှစ် ၅၀ လောက်ကစပြီး လုပ်ခဲ့တာပါ။ ကျွန်တော်လုပ်တာတော့နှစ် ၂၀ လောက်ရှိပါပြီ။

"ပထမတော့ လယ်လုပ်တော့ ခိုင်းနွားမွေးခဲ့ပါတယ်။ နောက်ပိုင်း နို့စားနွားမွေး။ ဝင်ငွေ ဖြစ်တော့ နို့စားကျွဲပါမွေးဖြစ်ပါတယ်။ ကွင်းထဲဖြစ်နေတာကြောင့် လက်ရှိဘဲလည်း အကောင် ၂၅၀ မွေးထားပါတယ်။ တစ်ရက်ကို ဘဲဥ ၂၀၀ လောက် ရပါတယ်။ နွားနို့၊ ကျွဲနို့ကတော့ တစ်ရက်ပိဿာ ၃၀ လောက်ရပါတယ်။ စမွေးတုန်းက နွားရော ကျွဲပါ (၄၊ ၅၊ ၆) ကောင်ပါ။ နောက်ပိုင်း မေထုန်မဲ့သားစပ်လို့ ပွားလာတာကြောင့် လက်ရှိနို့စားနွား ၁၄ ကောင်နဲ့ ကျွဲခြောက်ကောင် ရှိပါတယ်။ ဒါတောင်နှစ်စဉ် နွားထီးကလေးတွေ (၃၊ ၄) ကောင် ရောင်းထုတ်ပါတယ်။ စီးပွားရေးလေးအဆင်ပြေတော့ ဆန်စက်ကလေး ထောင်ပါတယ်။ ကိုယ့်စပါးကြိတ်ရင်း သူများစပါးတွေပါ ကြိတ်ပေးပါတယ်။

"ဆန်လာကြိတ်တဲ့သူတချို့က ကြိတ်ခအစား ဆန်ကွဲ၊ ဖွဲနုပေးတော့ အဲဒါနွားစာ၊ ဘဲစာသုံး ရပါတယ်။ ကျွန်တော့် ဆန်စက်က စပါးခွံ၊ ဖွဲကြမ်းနှင့် ဖွဲပြာရပါတယ်။ ကျွဲနဲ့ နွားက ကျွဲချေး၊ နွားချေးရတယ်။ ဘဲမွေးမြူရေးကလည်း ဘဲချေးရတော့ စိုက်ပျိုးရေးဦးစီးဌာနက ဆရာမတွေ အကူအညီပေးလို့ သဘာဝသစ်ရွက်ဆွေး မြေဩဇာလုပ်ပါတယ်။ ပေ ၂၀၊ ခြောက်ပေ သစ်ရွက်ဆွေး အပုံ ၅၀ ကျွန်တော် စပါးခင်းထဲထည့်ပြီးပါပြီ။ နှစ်စဉ်လည်း ထည့်ပေးတာကြောင့် ဓာတ်မြေဩဇာ နည်းနည်းပဲဝယ်ရပါတယ်။ အတော်လေး တွက်ခြေကိုက်ပါတယ်။ စပါးလည်း အထွက်ကောင်းပါတယ်။"

### တောင်သူတွေရဲ့ အဓိက အားကိုးရာ ဝန်ကြီးဌာနဖြစ်

"အခု ထိုင်းနံ့ကောက် မျိုးစေ့ထုတ်စိုက်ခင်းကလည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆရာမတွေလာပြီး ပြပေးပါတယ်။ မျိုးရွေးချယ်၊ စိုက်တာ၊ မျိုးကွဲပယ်တာကအစ စိုက်ပျိုးရေးသုတေသနက လာပြီး ပြသပေးတာကြောင့် အတော်လေးကို အဆင်ပြေပါတယ်။ ဒီဆရာတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကတော့ ကျွန်တော်တို့တောင်သူတွေရဲ့ အဓိက အားကိုးရာ ဖြစ်ပါတယ်။ ဆရာတို့ ရှေ့မို့လို့ ဒီလိုပြောတာ မဟုတ်ပါဘူး။ စက်မှုလယ်ယာဦးစီးဌာနက ထွန်တာ၊ ယက်တာ၊ မျိုးစေ့ချတာကအစ ရိတ်သိမ်းခြွေလှေ့တဲ့အထိ အကူအညီပေးသလို စိုက်ပျိုးရေးဦးစီးဌာနနဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မျိုးရွေးချယ်တာ၊ မျိုးကွဲပယ်တာ၊ စိုက်တာ၊ ပျိုးတာ၊ ပေါင်းလိုက်တာအဆုံး ကူညီပါတယ်။ ဆည်မြောင်းဦးစီးဌာနကလည်း ရေလိုရင် ရေပေးသလို၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကလည်း ကြက်၊ ဝက်၊ ဘဲ၊ ကျွဲ၊ နွား၊ ရောဂါကာကွယ်ဆေးထိုးပေးတာကအစ မေထုန်မဲ့သားစပ်တာ၊ ရောဂါတစ်ခုခုဖြစ်ရင် ကုသတာအဆုံး ကူညီပေးနေပါတယ်။"

"ဒီအတွက်ကြောင့် ကျွန်တော်တို့ ရွာသားတွေ စိုက်ပျိုးရေးအလုပ်တစ်လုပ်တည်းလုပ်ရင် ဝင်ငွေတစ်မျိုးသာရမှာဖြစ်ပါတယ်။ ကျွန်တော့်လို စိုက်ပျိုးရေးရော၊ မွေးမြူရေးနဲ့ အသေးစားစက်မှုလုပ်ငန်း (MSME)ပါ တွဲပြီးလုပ်ရင် ကျွန်တော့်လို ဝင်ငွေရမှာ ဖြစ်ပါတယ်။ စောစောက ဒီက အဘပြောသွားသလို နိုင်ငံတော်က ကျွန်တော်တို့ တောင်သူလယ်သမားတွေအတွက် မြစိမ်းရောင် စီမံကိန်းရော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေပါ ချပေးနေတဲ့အချိန်မှာ ကျွန်တော်တို့ဝင်ငွေတိုးရဖို့ ကျွန်တော်တို့ကိုယ်တိုင်က ကြိုးစားကြဖို့၊ အလုပ်လုပ်ကြဖို့ ပြောချင်ပါတယ်။"

ကိုတင်ထွန်းအောင်၏စကားများက သူကိုယ်တွေ့ခံစားချက် ရင်တွင်းစကားများဖြစ်သည်။ သူတို့ရွာသားပြောသည့်စကားက သူတို့တောင်သူလယ်သမားတွေ တိုးတက်ကြီးပွားရာ ကြီးပွားကြောင်းဖြစ်သည့်အတွက် သူ့စကားအဆုံးတွင် တက်ရောက်လာသည့် သူတို့ရွာသားများ၏ လက်ခုပ်သံကား မစဲနိုင်အောင်ရှိပါသည်။

ဘကြီးအောင်ပင်လျှင် မိမိပြောချင်နေသည့် စကားများကိုပြောသွားသည့် ကိုတင်ထွန်းအောင်အတွက် ဝမ်းသာအားရလက်ခုပ်တီးနေမိသည်။ ။

# ရေရှားပါးလျက်ရှိသည့် ထားဝယ်မြို့အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်း

**ထားဝယ် မေ ၈**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ထောက်ပံ့မှုဖြင့် အယ်လ်နီညိုရာသီဥတုကြောင့် လတ်တလောရေရှားပါးလျက်ရှိသည့် ထားဝယ်မြို့အတွင်းရှိ ရပ်ကွက်/ ကျေးရွာများသို့ နံနက်ပိုင်းက သောက်သုံးရေများ သွားရောက် ဖြန့်ဝေလှူဒါန်းပေးသည်။

သောက်သုံးရေများ လှူဒါန်းရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ထားဝယ်မြို့နယ်ရှိ ဇဟာကျေးရွာ၊ ဖားအောက်တောရ ဘုန်းတော်ကြီးကျောင်း၊ ဆင်ဆိပ်ရပ်ကွက်၊ တလိုင်းထိန်ရပ်ကွက်၊ မြောင်းပုလဲရပ်ကွက်ရှိ ဒေသခံပြည်သူများအတွက်သောက်သုံးရေဂါလန် ၁၀၀၀၀ ကို စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# ကျောင်းသူ ကျောင်းသားများအား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ပညာပေး

**တနင်္သာရီ မေ ၈**

တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့က မြို့နယ်ပညာရေးမှူးရုံး၌ ကျောင်းသားကျောင်းသူများအား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာများ အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ထူးနှင့် တာဝန်ရှိသူများ၊ အထက- တနင်္သာရီကျောင်း Grade (7)နှင့် Grade-(11) တို့မှ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ ၄၅ ဦး တက်ရောက်ပြီး ဟောပြောပွဲတွင် မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးဇေယျာမိုးက သစ်တောသစ်ပင်များမှ ရရှိသည့် အကျိုးကျေးဇူးများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းဆိုင်ရာနှင့် တနင်္သာရီမြို့နယ်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသည့် သစ်တောပြုစု ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ရှင်းလင်းဟောပြောပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသည့် သစ်ပင်အမျိုးအစားများကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

နန်းသာရီ - ထိန်ဝင်း





ရမည်းသင်းမြို့နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရမည်းသင်းမြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်းကို မေ ၆ ရက်မှစ၍ စက်တင်ဘာ ၃၀ ရက်အထိ နေ့စဉ် ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (ရမည်းသင်းမြို့နယ်၌ မြို့ပေါ်(၅) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၃ စုမှ ပြည်သူ ၇၂၄၀ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။)

ခရိုင် (ပြန်/ဆက်)

# မင်းတပ်ခရိုင်တွင် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်

**မင်းတပ် မေ ၈**

မင်းတပ်ခရိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စိုက်ပျိုးမွေးမြူရေး စီမံကိန်း တာဝန်ပေးအပ်ခြင်းကို မေ ၇ ရက်က မင်းတပ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန့်က မိသားစုပြည်သူများ အနေဖြင့် ဝဋတစ်မျိုးတည်းသာ စိုက်ပျိုးနေသဖြင့် မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်နှင့် နှစ်ရှည်ဝင်ငွေရသော ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ လိမ္မော်ပင်များ စိုက်ပျိုးသင့်ပြီး ဒေသဝက်၊ ကြက်၊ နွားနောက်ဆိတ်များပါ တိုးမြှင့်မွေးမြူသင့်ကြောင်း ပြောကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်ကြီးက သက်ဆိုင်သူများထံ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)



| ယနေ့ဈေးကွက်ပေါက်ဈေးများ | ၈ - ၅ - ၂၀၂၄ | |
|---|---|---|
| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၃၅ ကျပ် | ၂၉၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၄၅ ကျပ် | ၃၀၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# ပထမဆုံးအကြိမ် အူရီဒူးမြန်မာမှ Mission 2024 - ဂိမ်းပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၈**

ပထမဆုံးအကြိမ် အူရီဒူးမြန်မာမှ Gameverse ၏ Mission 2024– Mobile Legends: Bang Bang ဂိမ်းပြိုင်ပွဲတွင် အမြင့်ဆုံးဆုကြေးငွေ စုစုပေါင်း ကျပ်သိန်း ၇၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသားနှင့်အမျိုးသမီး ဂိမ်းအသင်းများကို Gameverse – Mission 2024 တွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးအဖြစ် အမျိုးသားပြိုင်ပွဲတွင် ငွေကျပ်သိန်း ၅၀၀ နှင့် အမျိုးသမီးပြိုင်ပွဲတွင် ငွေကျပ်သိန်း ၂၀၀ စုစုပေါင်းငွေကျပ်သိန်း ၇၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်း ပွဲချိန်ဇယား Qualifiers များ၊ အဆင့်သတ်မှတ်ခြင်းများနှင့် လက်ရွေးစင် ယှဉ်ပြိုင်ခြင်းများပါဝင်သည့် အွန်လိုင်းပေါ်မှ ယှဉ်ပြိုင်မှုများကို မေ ၁၄ ရက်မှ ဇွန် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်များကို နေ့စဉ်မွန်းတည့်မှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားများနှင့် ပရိသတ်များ ပါဝင်နိုင်ကြောင်း သိရသည်။

နောက်ဆုံး ဗိုလ်လုပွဲစဉ် – Gameverse – Mission 2024 ၏ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဇွန် ၁၅ ရက်နှင့် ၁၆ ရက်အတွင်း ကျင်းပသွားမည်ဖြစ်ပြီး ထို Mission 2024 အစီအစဉ်ဆိုင်ရာ အခြားသိရှိလိုသည့် အချက်အလက်များကို Ooredoo Myanmar Facebook Page နှင့် “Gameverse by Ooredoo” Facebook Page တို့တွင် ကြည့်ရှုလေ့လာနိုင်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် အဖွဲ့များအနေဖြင့် မေ ၁၂ ရက် ညသန်းခေါင်ယံအချိန် မတိုင်မီအထိ အမျိုးသားအဖွဲ့များသည် http://ore.do/5wjvn နှင့် အမျိုးသမီးအဖွဲ့များ http://ore.do/2rd6g သို့ စာရင်းသွင်းနိုင်ကြောင်းသိရသည်။

အာကာစိုး



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၆၀၀ | ၄၁၉ | ၃၄၆၃၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၄၆၃၃ | ၁၃၄၃၀၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၀၅၀ | ၁၉၈ | ၃၀၆၉၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၁၉ | ၅၆၀၅၀ |
| EFR | ၁၆၅၀ | ၁၇၀၀ | ၂၀၅ | ၃၃၈၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၂၁၀၀ | ၂၀၅၀ | ၁၀၆၀ | ၂၁၇၆၀၀၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

